# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## e-Newsletter

**Vol.1 No.4 April**



- ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပ (စာ-၃)
- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ Video Conferencing ဖြင့် အစည်းအဝေးတက်ရောက် (စာ-၄)
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး အထူးအစည်းအဝေး (Zoom Meeting ဖြင့် ပြုလုပ်ခြင်း (စာ-၄)
- လားရှိုးမြို့ပေါ်ရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများ၊ လူငယ်သင်တန်းကျောင်းနှင့် ဆင်းရွှေလီဘိုးဘွားရိပ်သာများအား ကြည့်ရှုစစ်ဆေးခြင်း(စာ-၅)
- ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်လှစ် (စာ-၆)
- ရဲအရာရှိအတတ်သင်ကျောင်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ (စာ-၆)
- အသက်အရွယ်ကြီးရင့်သူများ၏ အခွင့်အရေးများ ရှင်းလင်းတင်ပြ (စာ-၇)
- e-Government လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း (စာ-၇)




## အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဖိုရမ်၏ ဆက်စပ်အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တက်ရောက်

မတ်လ ၂၃၊ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က တင်းပြည့် အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်း (1st Technical Working Group Meeting) ကို ဖိုရမ်၏ ၂၀၂၂ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ virtual online platform အသုံးပြု၍ ကျင်းပခဲ့ပါသည်။

လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများမှ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ စုစုပေါင်း (၄၇) ဦးခန့် ပါဝင် တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အကြီးတန်းအရာရှိများ တက်ရောက်ခဲ့ ကြပါသည်။

အစည်းအဝေးတွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သော ဖိုရမ်၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်း

ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့အကြား နိုင်ငံမဲ့ဖြစ်နေသူများ အခွင့်အရေးနှင့်စပ်လျဉ်း၍ လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန် (MOU) ပါ လုပ်ငန်းရပ်များ ဆောင်ရွက်မှုအခြေအနေများ၊ ဖိုရမ်၏ ၂၀၂၂-၂၀၂၆ မဟာဗျူဟာစီမံကိန်းနှင့် ၂၀၂၂ ခုနှစ်၊ လုပ်ငန်းစီမံချက်တို့ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ၊ သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ လုပ်ရှားမှုနှင့်စပ်လျဉ်းသော ဆောင်ရွက်ချက်များ မျှဝေဆွေးနွေးခြင်းကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း သတင်းအချက်အလက်များ လုံလောက်စွာ မရရှိခြင်းနှင့် လွဲမှားသည့် သတင်းအချက်အလက်များ ဖြစ်ပေါ်စေမှုနှင့်စပ်လျဉ်းသော ကိစ္စရပ်များ၊ ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကိစ္စရပ်များ၊ ဖိုရမ်နှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်တို့ ထိတွေ့ဆက်သွယ်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပရေးကိစ္စရပ်များ စသည့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

လုပ်ငန်းအဖွဲ့အစည်းအဝေး၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ (၁၈) ကြိမ်မြောက် ဖိုရမ်နှစ်ပတ်လည်အစည်းအဝေးအပြီး လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်ကလည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း သတင်းအချက်အလက်များ လုံလောက်စွာ မရရှိခြင်းနှင့် လွဲမှားသည့် သတင်းအချက်အလက်များ ဖြစ်ပေါ်စေမှုနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းကလည်းကောင်း တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌက မဟာဗျူဟာစီမံကိန်းနှင့် ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်နှင့် ဘာသာရပ် အလိုက်ဆွေးနွေးမှုများတွင် ပါဝင်အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၃-၃-၂၀၂၂ ရက်နေ့ နေ့လယ်ပိုင်းတွင် virtual online platform အသုံးပြုကျင်းပခဲ့သော ဖိုရမ်၏ ဆက်စပ်အစည်းအဝေးတစ်ရပ်အဖြစ်ကျင်းပသော "SEANF Leadership in Mitigating Disinformation to Promote Human Rights Online Discussion Series on Influence Operations" သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အကြီးတန်းအရာရှိများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ဆက်စပ်အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ဖိလစ်ပိုင်နိုင်ငံရှိ The Centre for Humanitarian Dialogue (HD) အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် အဖွဲ့ဝင်အမျိုးသား လူ့အခွင့် အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိလစ်ပိုင်နိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၈၈) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် သတင်းအချက်အလက် လုံလောက်စွာမရရှိခြင်းနှင့် လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများ၊ သတင်းအချက်အလက် လုံလောက်စွာ မရရှိခြင်းကြောင့် အမျိုးသမီးများနှင့် အားနည်းထိခိုက်လွယ်သည့်အုပ်စုများအပေါ် သက်ရောက်မှုများ အစရှိသည့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသောကိစ္စရပ်များကို တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး SEANF အဖွဲ့ဝင်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများက ဘာသာရပ်နှင့်စပ်လျဉ်း၍ အတွေ့အကြုံများ မျှဝေဆွေးနွေးခြင်း တို့ ပြုလုပ်ခဲ့ကြပါသည်။

# ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပ



မတ်လ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၃/ ၂၀၂၂) ကို ၃၀-၃-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွက် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/ ၂၀၂၂) ကို ၅-၄-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုးနှင့် ဦးတင်အောင် အထူး ဖိတ်ကြားခံရသည့် ကော်မရှင်အဖွဲ့ဝင် (ဘဏ္ဍာ) ဦးကျော်မြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ Video Conferencing ဖြင့် အစည်းအဝေးတက်ရောက်



မတ်လ ၂၃ ရက်

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို ၂၃-၃-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၁၄:၀၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် ဆက်လက်၍ မသန်စွမ်း သူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားခဲ့ပြီး ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးက ယခင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ရှင်းလင်း တင်ပြခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းမှ Video Conferencing ဖြင့် ပါဝင်တက်ရောက်ခဲ့ပြီး မသန်စွမ်းသူများအခွင့်အရေး နှင့်စပ်လျဉ်း၍ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။ ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော အမျိုးသားအဆင့် ကော်မတီမှ အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (ကိုယ်စားလှယ်များ) မှ အသီးသီး ဆွေးနွေးတင်ပြကြပါသည်။ ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ၅:၂၀ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိပါသည်။

---

## ၉-၃-၂၀၂၂ ရက်နေ့တွင် ပြုလုပ်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေးအဖွဲ့၏ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး အထူးအစည်းအဝေး (Zoom Meeting ဖြင့် ပြုလုပ်ခြင်း)




မတ်လ ၉ ရက်

"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း အထူး အစည်းအဝေးကို ၉-၃-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။"

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လားရှိုးမြို့ပေါ်ရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများ၊ လူငယ်သင်တန်းကျောင်းနှင့် ဆင်းရွှေလီဘိုးဘွားရိပ်သာများအား ကြည့်ရှုစစ်ဆေးခြင်း

မတ်လ ၁၇၊ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးပေါ်လွင်စိန်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်၁၇-၃-၂၀၂၂ ရက်နေ့နှင့် ၁၈-၃-၂၀၂၂ ရက်နေ့များတွင် လားရှိုးမြို့ပေါ်ရှိ မြို့မရဲစခန်း၊ နယ်မြေရဲစခန်း၊ လူငယ်သင်တန်းကျောင်းနှင့် ဆင်းရွှေလီ ဘိုးဘွားရိပ်သာတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးစဉ် လားရှိုးလူငယ်သင်တန်းကျောင်းတွင် ကလေးငယ်များကို တွေ့ဆုံခြင်း၊ ဆင်းရွှေလီ ဘိုးဘွားရိပ်သာတွင် အဘိုး/အဘွားများကို တွေ့ဆုံပြီး အားပေးစကားပြောကြားခြင်းတို့ ကို ဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ ညှိနှိုင်းမှာကြား၍ အလှူငွေများ ပေးအပ် လှူဒါန်းခဲ့ပါသည်။

အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေလုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်း နှိပ်စက်မှု ရှိ မရှိ စသည် တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံ၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ Quarantine ထားရှိသည့်အဆောင်၊ အတွင်း/အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို လည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

---

" The rights of every man are diminished when the rights of one man are threatened."

**"လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများ ခြိမ်းခြောက်ခံရသောအခါ လူတိုင်း၏ အခွင့်အရေးများ လျော့နည်းသွားသည်။"**

John F. Kennedy (1917–1963)

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်လှစ်





မတ်လ ၇ ရက်

ကော်မရှင်ရုံးဝန်ထမ်းများ၏ လူ့အခွင့်အရေး ဆိုင်ရာ အသိပညာ မြင့်မားလာစေခြင်းဖြင့် ကော်မရှင်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်အောင် အထောက်အပံ့ပေးနိုင်သည့် လုပ်ငန်းကျွမ်းကျင်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ ဌာနတွင်း လူ့အခွင့်အရေးသင်တန်းကို ၇-၃-၂၀၂၂ ရက်နေ့ ၁၃:၀၀ နာရီ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်းအား (၂) ကြိမ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် ယခုဖွင့်လှစ်သည့် သင်တန်းကို မပျက်မကွက် တက်ရောက်ပြီး လုံ့လ၊ ဝီရိယ၊ ဇွဲရှိရှိဖြင့် ကြိုးစားလေ့လာ ဆည်းပူးကြရန် တိုက်တွန်းပါကြောင်း စသည်ကို ပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းတက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက မိတ်ဆက်စကားများ အသီးသီးပြောကြားခဲ့ပြီး သင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်း အမှတ်စဉ် (၁/၂၀၂၂) အား ကော်မရှင်ရုံးခွဲ များမှ ဝန်ထမ်းများအပါအဝင် သင်တန်းသားဦးရေ (၂၁) ဦးဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ (၅) ရက်ကြာ ကြာမြင့်မည် ဖြစ်ကြောင်းနှင့် Online မှတစ်ဆင့် Zoom Platform ကို အသုံးပြု ၍ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် (၁၃) ခု ဖြင့် သင်ကြားသွားမည် ဖြစ်ကြောင်း၊ အလားတူ ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်း ဒုတိယအသုတ်ကို ဧပြီလအတွင်း ထပ်မံဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

---

## ရဲအရာရှိအတတ်သင်ကျောင်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



မတ်လ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ် (အရာရှိ) သင်တန်း၊ အမှတ်စဉ် (၇၃/၂၀၂၂) ၌ ၁၅-၃-၂၀၂၂ ရက်နေ့ ၁၂:၃၀ နာရီမှ ၁၄:၀၀နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး မြှင့်တင်

ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အကြောင်း သိကောင်းစရာစသည့် သင်ခန်းစာ ဘာသာရပ်များ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသား ဦးရေ (၁၄၀) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## အသက်အရွယ်ကြီးရင့်သူများ၏ အခွင့်အရေးများ ရှင်းလင်းတင်ပြ



မတ်လ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တွင် အသက်အရွယ် ကြီးရင့်သူများ၏ အခွင့်အရေးများ ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို ၂၂-၃-၂၀၂၂ (အင်္ဂါနေ့) ၁၁:၀၀ နာရီအချိန် မှ ၁၂:၀၀ နာရီ အချိန် အထိ Online System အသုံးပြု၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစီအစဉ်တွင် သက်ကြီးရွယ်အို အသက်သတ်မှတ်ချက်၊ အသက်အရွယ် ကြီးရင့်သူများအား ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ခြင်း၊ ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ UN Principles for Older Person ပါ အခွင့်အရေးများ၊ မြန်မာနိုင်ငံမှ ထုတ်ပြန်ထားသည့် သက်ကြီးရွယ်အိုဥပဒေနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သက်ကြီးရွယ်အို အခွင့်အရေးများနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်မှ ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက အသက်အရွယ်ကြီးရင့်သူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် အချက်များအား လမ်းညွှန်မှုပြုခဲ့ပါသည်။

---

## e-Government လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပခြင်း

မတ်လ ၁၀ ရက်



၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက် နံနက် ၁၀:၃၀ နာရီတွင် အမှတ်(၂၇)၊ပြည်လမ်း၊လှိုင်မြို့နယ်ရှိမြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room၌ ကျင်းပပြုလုပ်သောe-Governmentလုပ်ငန်းကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) အစည်းအဝေးသို့ e-Government လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မောင်မောင်သန်း၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သော ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးသူရကျော် ဦးသူရကျော်၊ ဦးဇော်လွင်ထူး၊ ဦးဇေယျာလင်း၊ ဒေါ်ဖြိုးသီရိဝင်း၊ ဦးစောလွင်နှင့်လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးအာကာဟိန်းစိုး တို့ တက်ရောက်ကြပြီး e-Government ဌာန၏ ရှေ့လုပ်ငန်းစဉ်များစပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အစည်းအဝေးကို နေ့လည် ၁၂:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြပါသည်။

## ငါ့ရဲ့အဖြေ

ငါကလည်းငါ၊ သူကလည်းငါ
ငါနဲ့ငါချင်း၊ ငါစစ်ကိုခင်း
ငါသည်အထွတ်၊ ငါသည်အမြတ်
ငါလုပ်သမျှ၊ အကောင်းသာထင်
သူလုပ်သမျှ ၊ အဆိုးသာမြင်

သူကလည်းငါ ၊ ငါကလည်းငါ
ငါနဲ့ငါချင်း ၊ ငါစစ်ကိုခင်း
သူသည်အထွတ်၊ သူသည်အမြတ်
သူလုပ်သမျှ၊ အကောင်းသာထင်
ငါလုပ်သမျှ၊ အဆိုးသာမြင်

ငါနှစ်ငါက၊ အတ္တပြိုင်လျက်
ငါ့အခွင့်အရေး၊ သူချိုးဖောက်လာ
သူ့အခွင့်အရေး၊ ငါချိုးဖောက်ကာ
ဆင်ခြင်သုံးသပ်၊ သွင်းမှတ်နှလုံး
ငါလေးစားမှာ၊ သူ့အခွင့်ရေး
သူလေးစားမှာ၊ ငါ့အခွင့်ရေး

ကိုစော (စာ/သု)

### သင်တန်းတက်ရောက်ခြင်း

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ခိုင်ခိုင်ဝင်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ဖွင့်လှစ်သော ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းသို့ ၂၄-၁-၂၀၂၂ ရက်မှ၁၈-၃-၂၀၂၂ ရက်အထိ တက်ရောက်ခဲ့ပါသည်။

### ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချ

မတ်လ ၂၄ ရက်
မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) တွင် ၂၄-၃-၂၀၂၂ ရက်နေ့ နံနက် ၀၇:၃၀ နာရီမှ ၀၉:၀၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ပို့ချသည်။

သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။



# ENGLISH SECTION

## MNHRC attends 1st Technical Working Group (TWG) Meeting of the SEANF and the Side–Event

March 23-24

The First Technical Working Group (TWG) Meeting of the South East Asia National Human Rights Institutions Forum (SEANF), in which Myanmar National Human Rights Commission (MNHRC) is already a full-fledged member, was hosted by the Commission on Human Rights of the Philippines (CHRP), Current Chair of the SEANF, on 23 - 24 March 2022 by using Virtual Online Platform. The TWG meeting was attended by a total of 47 representatives including Chairpersons, Commissioners and staff of the National Human Rights Commission of Indonesia (Komnas HAM), Human Rights Commission of Malaysia (SUHAKAM), Commission on Human Rights of the Philippines (CHRP), National Human Rights Commission of Thailand (NHRCT) and Provedor for Human Rights and Justice of Timor-Leste (PDHJ). The Chairperson, the Vice Chairperson, Commissioners and senior staff of the MNHRC also attended that meeting.

The meeting discussed among others, the matters relating to the Sharing of Major Developments and Activities since the 18th SEANF Annual Conference, Sharing on Activities from the Memorandum of Understanding (MoU) on Statelessness Issues in Sabah between SUHAKAM, Komnas HAM, and CHRP, Discussion on the Implementation of the 2022-2026 SEANF Strategic Plan and the 2022 Annual Plan, Sharing of Activities related to the Global Campaign for Older Persons, Human Rights amid the COVID-19 Pandemic: Misinformation and Disinformation, Updates on the Establishment of the Permanent Secretariat, Updates on the engagement between SEANF and the ASEANF Inter-governmental Commission on Human Rights (AICHR), and Preparations towards the 2nd TWG and 19th SEANF Annual Conference.

At the meeting, U Paw Lwin Sein, Commissioner of the MNHRC, presented the major developments and activities of the promotion and protection of human rights of the MNHRC since the 18th SEANF Annual Conference and Dr. Tin Mg Mg Than, Commissioner of the MNHRC, presented the issues regarding misinformation and disinformation amid the COVID-19 pandemic. U Hla Myint, Chairman of the MNHRC also discussed on the implementation of the 2022-2026 SEANF Strategic Plan and other human rights thematic issues.

In the afternoon of 23rd March 2022, the event on “SEANF Leadership in Mitigating Disinformation to Promote Human Rights: Online Discussion Series on Influence Operations” was held by using virtual online platform as a side-event of the SEANF. From the MNHRC side, U Hla Myint, Chairperson of the MNHRC, Commissioners U Paw Lwin Sein and Dr. Tin Mg Mg Than, Deputy Director General and Senior Staff Officers of the MNHRC participated in the event. The side event was co-hosted by the Philippines Commission on Human Rights and the Centre for Humanitarian Dialogue (HD). The event was attended by a total of 88 people including the representatives of the SEANF member NHRIs and Civil Society Organizations (CSOs).

At the side-event, matters relating to human rights issues such as influence operation and their impact on human rights, and the impact of disinformation on women and vulnerable groups were discussed. Following that, the representatives of SEANF member NHRIs also shared their experiences on Influence Operations.

# Vice–Chair of Myanmar National Human Rights Commission attends National Committee on the Rights of PwDs via Video Conferencing



March 23

The National Committee on the Rights of Persons with Diabilities (PwDs) held the meeting (1/2022) at 2 p.m. on 23 March 2022 at the Hall of the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw.

The meeting was opened by the Vice-Chairman of the State Administrative Council and the Chairman of the National Committee on the Rights of Persons with Disabilities Vice-Senior General Soe Win. The Chairman of the National Committee also delivered an opening speech at the meeting. Then the Union Minister for Social Welfare, Relief and Resettlement, Vice-Chairperson of the National Committee (1) made a remark and after that, Deputy Minister and the Secretary of the Committee reported the decisions made by the previous meeting.

Dr. Nanda Hmun, Vice-Chair of the Myanmar National Human Rights Commission also took part in the meeting through video conferencing and explained the activities of the commission with regard to the rights of PwDs. Next, the representatives of the Union Ministries and Regional Government Offices, members of the National-Level committee discussed the work process respectively. The meeting came to an end at 5:20 p.m. following the closing remarks made by the Chairman of the National committee on the Rights of PwDs.

# ဆက်သွယ်ရန် လိပ်စာများ



အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်။
ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။

ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ဦးပိုင်အမှတ် ၃၅ (ကၤဃ)၊ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။

ဖုန်း – ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

ဖုန်း –၀၉၄၂၅၈၆၀၀၀၈

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*
*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*